**ဖိုကိုလာရေလှုပ်ရှားမှု**

**အသက်ပေးသည့်**
**နှုတ်တော်ထွက်စကား**

မတ်လ ၂၀၁၅

**“ငါ၏နောက်သို့လိုက်လိုသောသူသည် မိမိကိုယ်ကိုငြင်းပယ်စေ။ မိမိ၏လက်ဝါးကပ်တိုင်ကိုလည်း ထမ်း၍ ငါ့နောက်သို့လိုက်စေ” (မာကု ၈း၃၄)**

ဂါလိလေယာမြောက်ပိုင်း၊ ဆီဇာရိယဖိလိပိနယ်ဝန်းကျင်ရှိရွာများသို့ ကြွရောက်စဉ် သခင်ယေရှုက လူတို့သည် ငါဘယ်သူဖြစ်သည်ကို ပြောဆိုကြသနည်းဟု တပည့်တော်တို့အားမေး တော်မူခဲ့ပါသည်။ ပေတရုကအားလုံး ကိုယ်စား ကိုယ်တော်သည် ခရစ်တော်ဖြစ်တော်မူပါသည်ဟု ရာစုနှစ်ပေါင်းများစွာစောင့်ဆိုင်းနေသော ကယ်တင်ရှင်မေရှိယကို ရည်ညွှန်း၍လျှောက်ထားလေ၏။ ကိုယ်တော်ကလည်း နားလည်မှုလွဲမှားခြင်းမဖြစ်စေလိုသည့်အတွက် သူပြုရမည့်တာဝန်ကိုနားလည်အောင်ရှင်းပြခဲ့ပါသည်။ အမှန်အားဖြင့် ကိုယ်တော်က သူ့နောက်လိုက်တပည့်များအား လွတ်လပ်ခွင့်ကိုပေးထားပါသည်။ သို့သော် မျှော်လင့်မထားသောနည်းလမ်းအားဖြင့် မိမိကိုယ်ကိုပေးဆက်နေပါသည်။ ကိုယ်တော်က လူသားသည် ကြီးစွာသောဒုက္ခဝေဒနာကို ခံစားရမည့်အကြောင်း၊ ငြင်းပယ်ခြင်းကိုခံရ၍ အသေသတ်ခြင်းခံရမည့်အကြောင်း၊ သုံးရက်လွန်သောအခါ ရှင်ပြန်ထမြောက်မည့်အကြောင်းကို သူတို့အားသွန်သင်တော်မူ၏။ ပေတရုက ဤပုံစံမျိုးနှင့် ကယ်တင်ရှင်ကို လက်မခံချင်ခဲ့ပါ။ ထိုအချိန်က လူအများစိတ်ကူးယဉ်မြော်လင့်စောင်းစားနေသည့် တန်ခိုးအင်အားဖြင့် ရောမလူမျိုးတို့အားတိုက်ထုတ်ပြီး ကမ္ဘာပေါ်တွင် အစ္စရေးနိုင်ငံကို သတ်သတ်မှတ်မှတ်ရပ်တည်နိုင်အောင် ဆောင်ကြဉ်းပေးမည့်သူမျိုးကို သူလည်းစိတ်ကူးယဉ်ခဲ့ပါသည်။ သူက သခင်ယေရှုအား စပြီးကန့်ကွက်စကားပြောလေရာ ကိုယ်တော်ကလည်း ပေတရုအား “သင်သည် ဘုရားသခင်ဘက်၌မရှိဘဲ လူတို့ဘက်၌ရှိသည်ဟု ပြောဆိုဆုံးမ တော်မူ၏” (မာကု ၈း၃၁–၃၃)

တစ်ဖန် သခင်ယေရှုသည် သူ၏သေခြင်းနှင့် ရှင်ပြန်တော်မူခြင်းကြမ္မာကို ပြီးပြည့်စုံစေမည့် ဂျေရုဆလင်သို့ သွားရာလမ်း၌ လူတို့အားမိန့်တော်မူပြန်ပါသည်။ ယခုအကြိမ်တွင် တပည့်တော်ကြီးများက သူတို့၏အရှင်သည် သေရတော့မည်ကိုသိထားကြပြီဖြစ်၍ သူ့နောက်သို့ဆက်လိုက်ကြဦးမည်လား။ သခင်ယေရှုပေးသော အခြေအနေများမှာ ရှင်းလင်း၍ပြတ်သားလှပါသည်။ ကိုယ်တော်က လူအုပ်စုကြီးနှင့်တကွ သူ၏တပည့်တော်ကြီးများအားမိန့်မြွက်တော်မူသည်မှာ

**"ငါ၏နောက်သို့လိုက်လိုသောသူသည် မိမိကိုယ်ကိုငြင်းပယ်စေ။ မိမိ၏လက်ဝါးကပ်တိုင်ကိုလည်း ထမ်း၍ ငါ့နောက်သို့လိုက်စေ"**

ကိုယ်တော်ရှင် ရေကန်စပ်၌ လမ်းလျှောက်စဉ်၊ သူတို့ငါးဖမ်းဖို့ရန် ပိုက်ကွန်ပစ်စဉ် သို့မဟုတ် အခွန်ကောက်သည့်နေရာ၌ရှိစဉ် သူတို့သည် ကိုယ်တော်ရှင်၏ဆွဲဆောင်မှုကို ခံခဲ့ကြရသည်။ သူတို့၏လှေများ၊ ပိုက်ကွန်များ၊ အခွန်ခံစားပွဲများ၊ အဖ၊ အိမ်၊ မိသားစု စသည်တို့ကို စွန့်ထားခဲ့ပြီး ကိုယ်တော်နောက်သို့ တုန့်ဆိုင်းခြင်းမရှိဘဲ လိုက်ခဲ့ကြပါသည်။ သူတို့သည် ကိုယ်တော်ရှင်ပြသော တန်ခိုးလက္ခဏာများကိုတွေ့ဖူးခဲ့ကြသလို ကိုယ်တော်ရှင်၏အသိပညာနှင့်ပြည့်စုံသော စကားတို့ကိုလည်း ကြားဖူးခဲ့ကြပါသည်။ ထိုအချိန်အထိ သူတို့သည် ကိုယ်တော်ရှင်နောက်သို့ ဝမ်းမြောက်ခြင်းနှင့် ထက်သန်သောစိတ်နှင့် လိုက်ခဲ့ကြပါသည်။

သို့သော်လည်း သခင်ယေရှု၏နောက်တော်သို့လိုက်ခြင်းသည် များစွာသောလိုအပ်ချက်များရှိနေပါသေးသည်။ ယခုအခါ ကိုယ်တော်ရှင်၏အသက်တာနှင့် ရည်မှန်းချက်၌ အပြည့်အဝမျှဝေခြင်းဆိုသည့်အဓိပ္ပာယ်က ဆုံးရှုံးမှုနှင့် အသက်ဆုံးသည်အထိ ရက်စက်ခြင်းခံရမှု ဖြစ်ကြောင်းပေါ်လွင်ထင်ရှားလာပါပြီ။ မည်သို့သော သေခြင်းမျိုးနည်း။ ကြီးစွာသောဝေဒနာကိုခံရခြင်း၊ လူသတ်မှုနှင့် ရာဇဝတ်မှုအမျိုးမျိုးကျူးလွန်သူတို့အား ပေးသောသေဒဏ်ဖြင့် အရှက်တကွဲသေဆုံးရခြင်းမျိုးဖြစ်သည်။ တရားဟောရာကျမ်း၌ ယင်းသို့သေဒဏ်ပေးခံရသောသူအား ကျိန်ဆိုခြင်းခံရသူဟု ခေါ်ဆိုဖော်ပြထားသည် (တရားဟောရာကျမ်း ၂၁း၂၃)။ လက်ဝါးကပ်တိုင်ဆိုသည်မှာ ဆိုဖွယ်ရာစကားလုံးပင်မရှိသော ကြောက်မက်ဖွယ်အဖြစ် ရည်ညွှန်းထားပါသည်။ ယင်းစကားလုံးကို ကျမ်းစာထဲ၌ ဤနေရာတွင် ပထမဆုံးတွေ့ရသည်။ ကိုယ်တော်ရှင်အားနားထောင်နေသူများအဖို့ မည်သို့သောခံစားမှုမျိုး ဖြစ်စေမည်ကို မည်သူသိပါသနည်း။

ယခုအခါ သခင်ယေရှုသည် မိမိကိုယ်ကိုယ် ရှင်းလင်းပြတ်သားစွာဖော်ပြလိုက်ပါသည်။ သူ့နောက်လိုက်လိုသောသူများသည် ထိုရှင်းလင်းစွာဖော်ပြထားသောအရည်အသွေး၌ ထပ်တူမျှဝေခံယူနိုင်ရပေမည်။ အရှင်သခင်ဖြစ်သူက သူ၏လူများအားချစ်မြတ်နိုး၍ အသက်ကိုပေးခဲ့သည်ဆိုလျှင် ထိုသူတို့သည်လည်း ကိုယ့်လက်ဝါးကပ်တိုင်ကို ကိုယ်တိုင်ထမ်းကြရပေမည်။ သို့ဖြင့် သူ၏နောက်လိုက်ကောင်းဖြစ်မည်၊ လက်ဝါးကပ်တိုင်ဖြင့်အစပြုခဲ့သည့် ဆရာသခင်ပြခဲ့သော လမ်းတစ်လျှောက်လုံးအား မိမိ၏ကိုယ်ပိုင်အတွေးအခေါ်ဖြင့်လိုက်လျှောက်ရပေမည်။

**"ငါ၏နောက်သို့လိုက်လိုသောသူသည် မိမိကိုယ်ကိုငြင်းပယ်စေ။ မိမိ၏လက်ဝါးကပ်တိုင်ကိုလည်း ထမ်း၍ ငါ့နောက်သို့လိုက်စေ"**

ခရစ်ယာန်ဖြစ်ခြင်းသည် ခရစ်တော်ကိုယ်ပွားဖြစ်ရန်ဆိုလိုပြီး လက်ဝါးကပ်တိုင်ထက်၌ သေခြင်းခံရမည်ကိုပင်နာခံလျက် မိမိကိုယ်ကိုနှိမ့်ချလျက်ရှိသော သခင်ယေရှုခရစ်တော်၏စိတ်သဘောမျိုးကို ထားရှိရပါမည်။ (ဖိလိပ္ပိ ၂း၅–၈) ခရစ်တော်နှင့်အတူလက်ဝါးကပ်တိုင်ပေါ်တွင် သေသတ်ခြင်းကိုခံခဲ့လေပြီ။ ငါသည်အသက်ရှင်လျက်ရှိသည်မဟုတ်၊ ခရစ်တော်သာလျှင် ငါ၌အသက်ရှင်နေခြင်းဖြစ်၏။ (ဂလာတိ ၂း၂၀)၊ သခင်ယေရှု

တည်းဟူသော လက်ဝါးကပ်တိုင်တင်ခံရသောကိုယ်တော်ရှင်မှတစ်ပါး မည်သည့်အရာကိုမျှ သိရှိရန်မလိုဟု ငါဆုံးဖြတ်ထားခဲ့၏။ (၁ကော် ၂း၂)။ သခင်ယေဇူးသည်ဆက်လက်ပြီး အသက်ရှင်တော်မူသည်၊ အသေခံတော်မူသည်၊ ထို့နောက် ကျွန်ုပ်တို့အတွင်း၌တစ်ဖန် ရှင်ပြန်တော်မူပါသည်။ ယင်းကားခရစ်ယာန်တို့၏အကြီးမြတ်ဆုံးလိုလားချက်နှင့် ရည်မှန်းချက်ပင်ဖြစ်သည်။ ကြီးမြတ်သောရဟန္တာသူတော်စင်များဖြစ်စေသည့်အချက်မှာ အရှင်သခင်ကဲ့သို့ကျင့်ကြံခြင်းကြောင့်ဖြစ်ပါသည်။ သို့သော် ယင်းသို့ဖြစ်စေရန် ကျွန်ုပ်တို့သည် သခင်ယေဇူးနောက်တော်သို့ မည်သို့လိုက်လျှောက်ရပါမည်နည်း။

ပထမခြေလှန်းအနေဖြင့် မိမိကိုယ်ကို ငြင်းပယ်ရပါမည်။ ကိုယ်ပိုင်အတွေးအခေါ်အယူအဆများမှ မိမိကိုယ်ကိုဖယ်ခွာရမည်။ ယင်းက ပေတရုသည် ဘုရားသခင်အလိုတော်အတိုင်းမဟုတ်ဘဲ လူသားဆန်ဆန်တွေးခေါ်ပြီး ကန့်ကွက်စကားပြောဆိုခဲ့စဉ် သခင်ယေဇူးက သူ့အားပြောဆိုဆုံးမခဲ့သည့်စကားဖြစ်ပါသည်။ ကျွန်ုပ်တို့သည်လည်း ပေတရုနည်းတူ မာန်ဂုဏ်မောက်သည့်စိတ်ဖြင့် သို့မဟုတ် မိမိသဘောဖြင့် ကိုယ့်ကိုယ်ကိုထုတ်ဖော်ပြချင်တတ်ကြပါသည်။ ကျွန်ုပ်တို့အနေဖြင့် အလွယ်တကူနှင့် ချက်ချင်းအောင်မြင်မှုရယူလိုကြသည်။ အခက်အခဲတိုင်းကို ချောမွေ့သွားစေချင်သည်။ တိုးတက်အောင်မြင်နေသူများကိုကြည့်ပြီး အားကျတတ်ကြသည်။ ကိုယ့်ဘက်မှပေးဆပ်ခြင်းမရှိဘဲ သိုက်သိုက်ဝန်းဝန်းရှိသောမိသားစုကြီးပိုင်ဆိုင်ပြီး မိမိပတ်ဝန်းကျင်တွင် ရိုင်းပင်းသောလူ့မှုအသိုင်းအဝိုင်းနှင့် ခရစ်ယာန်လူမှုအဖွဲ့အစည်းကိုတည်ဆောက်ဖို့ စိတ်ကူးယဉ်တတ်ကြပါသည်။

မိမိတို့ကိုယ်ကိုငြင်းပယ်ခြင်းဆိုသည်မှာ ဘုရားသခင်၏စဉ်းစားတွေးခေါ်မှုပုံစံသို့ဝင်ရောက်ခြင်းကိုဆိုလိုပြီး သခင်ယေဇူးမည်သို့တွေးခေါ်ခဲ့ပုံနှင့် မြေ၌ကျသောဂျုံစေ့ကဲ့သို့ သီးပွင့်တိုးပွားရန်အတွက် သေဆုံးကြရမည်အကြောင်း၊ ရယူခြင်းထက် ပေးကမ်းခြင်းဖြင့် ပို၍ဝမ်းမြောက်ပျော်ရွှင်မှုကိုရှာဖွေခြင်း၊ ချစ်ခြင်းမေတ္တာဖြင့် မိမိအသက်ကိုပင်ပေးဆက်ခြင်း၊ တစ်နည်းအားဖြင့် မိမိလက်ဝါးကပ်တိုင်ကို ကိုယ်တိုင်ထမ်းခြင်း၊ စသည်ဖြင့် အမှုအရာများအားသူ့နည်းလမ်းဖြင့် ဖော်ပြခဲ့သည်မဟုတ်ပါလား။

**“ငါ၏နောက်သို့လိုက်လိုသောသူသည် မိမိကိုယ်ကိုငြင်းပယ်စေ။ မိမိ၏လက်ဝါးကပ်တိုင်ကိုလည်း ထမ်း၍ ငါ့နောက်သို့လိုက်စေ”**

ရှင်လုကာကျမ်း၌ဖော်ပြသကဲ့သို့ မိမိလက်ဝါးကပ်တိုင်ကို နေ့စဉ်ထမ်းစေ (လုကာ၉း၂၃) ဆိုသည်မှာ နေထိုင်မကောင်းခြင်း၊ အလုပ်ပြုတ်ခြင်း၊ မိသားစု သို့မဟုတ် အလုပ်ပြဿနာများအား မဖြေရှင်းနိုင်ခြင်း၊ စစ်မှန်သောဆက်ဆံရေးများကို ဖန်တီးဖို့ရန် မစွမ်းဆောင်နိုင်ခြင်း၊ ကြီးမားလှသော ကမ္ဘာ့ပဋိပက္ခအရေးအခင်းများအားမတတ်စွမ်းနိုင်ဟုခံစားနေမိခြင်း၊ ထပ်တလဲလဲဖြစ်ပေါ်နေသော လူမှုရေးအရှုပ်တော်ပုံများအပေါ် ဒေါသအမျက်ထွက်ခြင်း စသည်ဖြင့် အမျိုးမျိုးဖြစ်နိုင်ပါသည်။ လက်ဝါးကပ်တိုင်မှာ ဖြေရှင်းရန်မလိုပါ။ သူ့ဘာသာသူရောက်လာခြင်းဖြစ်သည်။ မသကာ ကျွန်ုပ်တို့က အသေးငယ်ဆုံးမျှော်လင့်ထားသောလည်း ယင်းက ကျွန်ုပ်တို့လုံးဝမျှော်လင့်မထားသည့်နည်းလမ်းများဖြင့်လည်း ရောက်လာနိုင်ပါသည်။

သခင်ယေဇူးက ကျွန်ုပ်တို့အားလက်ဝါးကပ်တိုင်ကိုထမ်းဖို့နှင့် ယင်းသို့ခံထမ်းရာမှာ မရှောင်လွှဲနိုင်သော အဖြစ်ဆိုးတစ်ခုလို သဘောထားရှောင်လွှဲမသွားဖို့၊ ယင်းက ကျွန်ုပ်တို့အပေါ်မကျရောက်စေရန်နှင့် ပျက်စီးခြင်းသို့မရောက်စေရန် ကြံ့ကြံ့ခံလိုစိတ်နှင့် လက်မခံဖြတ်တောက်ခြင်းမျိုးလည်းမပြုရန် ကျွန်ုပ်တို့အား ဖိတ်ခေါ်နေပါသည်။ ထိုအစား သခင်ယေဇူး လက်ဝါးကပ်တိုင်ထမ်းခြင်းကို ဝေမျှခံစားသည့်အလား လက်ခံကြိုဆိုပြီး ကိုယ်တော်၏နောက်လိုက်တပည့်များပီပီ ထိုအခြေအနေများတွင် ဒုက္ခဝေဒနာများခံစားရသည့်တိုင် ကိုယ်တော်ရှင်နှင့်တစ်လုံးတစ်ဝတည်း အသက်ရှင်ကြရမည်။ အကြောင်းမှာ ကျွန်ုပ်တို့၏ပခုံးထက်မှ လက်ဝါးကပ်တိုင်ကို ကိုယ်တော်ရှင်သည် ဦးစွာပထမဆောင်ယူခဲ့သောကြောင့်တည်း။ ထို့အတွက်ကြောင့်လည်း မည့်သည့်ဒုက္ခဝေဒနာခံစားရမှုတိုင်းတွင်မဆို သခင်ယေဇူးက သူ၏ကိုယ်ပိုင်အဖြစ်ပြုထားပြီးဖြစ်ကြောင်း ကျွန်ုပ်တို့မြင်တွေ့နိုင်ပါသည်။

Igino Giordani က သခင်ယေဇူး၏လက်ဝါးကပ်တိုင်ကို ကူညီခံထမ်းပေးခဲ့သော ဆီရီနေမြို့သားစီမွန်၏အခန်းကဏ္ဍအပေါ်ထောက်ရှုပြီး အကယ်၍သခင်ယေဇူးသည် ‘ကျွန်ုပ်တို့အတွက် ဆီရေနီမြို့သားအဖြစ်ပြုခဲ့လျှင်’ ကျွန်ုပ်တို့၏လက်ဝါးကပ်တိုင်သည်လည်း ပေါ့ပါးမည်အကြောင်းရှုမြင်ခဲ့ပါသည်။ ထို့နောက် ဆက်လက်ပြီး ကျွန်ုပ်တို့ အတူတကွခံထမ်းကြမည်ဆိုလျှင် လက်ဝါးကပ်တိုင်သည် ပေါ့ပါးမြဲပေါ့ပါးနေပါလိမ့်မည်ဟု ပြောနေပါသည်။ လက်ဝါးကပ်တိုင်ကို တစ်ဦးတည်းခံထမ်းသူသည် ပြိုလဲခြင်းဖြင့်အဆုံးသတ်ပြီး ယင်းကို လူအများက သခင်ယေဇူးအလယ်မှာထားလျက် အတူတကွစုပေါင်းထမ်းကြပါလျှင် သခင်ယေဇူးသည်ဆီရေနီမြို့သားကဲ့သို့ ခံထမ်းပေးခြင်းဖြင့် ထမ်းပိုးသည် ပေါ့ပါးသွားစေသည်ဟု ပြော၍ရပါသည်။ တောင်တက်သမားများက တစ်ဦးနှင့်တစ်ဦး သဘောထားတိုက်ဆိုင်မှုဖြင့် ကြိုးချည်နှောင်ကာ တောင်တစ်ခုကိုတက်ကြခြင်းက ပျော်စရာတစ်ခုဖြစ်ပြီး အတက်လမ်းခရီးကိုလည်း အောင်မြင်စေပါသည်။

သို့ဖြစ်၍ ကျွန်ုပ်တို့အနေဖြင့် ကိုယ်တော်ရှင်နှင့်အတူ လက်ဝါးကပ်တိုင်ကိုဆောင်ယူခံထမ်းကြမည်ဆိုလျှင် သူသည် ကျွန်ုပ်တို့နှင့်အတူ ခံထမ်းပေးနေသောကြောင့် ကျွန်ုပ်တို့တစ်ဦးချင်းထမ်းနေရခြင်းမဟုတ်ကြောင်း သိနေပါသည်။ ယင်းကား သခင်ယေဇူးနှင့်သက်ဆိုင်ခြင်း၊ ကိုယ်တော်နှင့် တစ်လုံးတစ်ဝတည်းရှိခြင်း၊ သခင်ယေဇူးကိုယ်ပွားဖြစ်လာခြင်းတို့နှင့် ဆက်နွယ်နေပါသည်။ ထို့အပြင် ယင်းကကျွန်ုပ်တို့အနေဖြင့် သခင်ယေဇူးနောက်တော်သို့လိုက်သည့်လမ်းစဉ်ဖြစ်ပြီး ကိုယ်တော်ရှင်၏စစ်မှန်သောတပည့်တော်များ ဖြစ်လာစေပါသည်။ သို့ဖြင့်လက်ဝါးကပ်တိုင်သည် ‘ကျွန်ုပ်တို့အတွက်မူ ဘုရားသခင်၏ဘုန်းတန်ခိုးတော်’(၁ကော ၁း၁၈)၊ ရှင်ပြန်ထမြောက်ခြင်းလမ်းပင်ဖြစ်ပေသည်။ ကျွန်ုပ်တို့အနေဖြင့် အားနည်းချက်တိုင်း၌ ခွန်အားကိုလည်းကောင်း၊ မှောင်မိုက်ခြင်းတိုင်း၌ အလင်းကိုလည်းကောင်း၊ သေဆုံးမှုတိုင်း၌ အသက်ကိုလည်းကောင်း ရှာတွေ့ပါလိမ့်မည်။ အကြောင်းမှာ ကျွန်ုပ်တို့သည် သခင်ယေဇူးကိုရှာတွေ့လိမ့်မည်ဖြစ်သောကြောင့်တည်း။

*Fabio Ciardi*